The Asia Foundation

Improving Lives, Expanding Opportunities

# မြန်မာအုပ်ချုပ်ရေးစနစ်အတွင်းရှိ ကျား၊မ တန်းတူညီမျှမှု : အတိတ်၊ လက်ရှိနှင့် ပြောင်းလဲမှုအတွက် အလားအလာရှိသော မဟာဗျူဟာများ

Paul Minoletti, 5th May 2016

# ကျား၊မ တန်းတူညီပါဝင်မှု မြှင့်တင်ခြင်းသည် ဘာကြောင့်အရေးပါသနည်း။

ကျား၊မ တန်းတူပူးပေါင်းပါဝင်မှုသည် အကျိုးသက်ရောက်မှုများရှိသည် -

- မျှတသော ဆုံးဖြတ်ချက်များချမှတ်နိုင်ခြင်း – အမျိုးသမီးနှင့် အမျိုးသားတို့သည် ပုံမှန်အားဖြင့် မူဝါဒရေးရာနှင့် ဘက်ဂျက်ရေးရာတို့ အပေါ်၌ ကွဲပြားသော နှစ်သက်ရွေးချယ်မှုများရှိကြသည်။ များသောအားဖြင့် အမျိုးသမီးခေါင်းဆောင်တို့သည် ယင်းနှစ်သက်မှုများပေါ်တွင် တုံ့ပြန်လေ့ရှိကြသည်။

- အုပ်ချုပ်မှုစနစ်၏ စွမ်းဆောင်နိုင်မှု နှင့် အကျိုးသက်ရောက်မှုရှိခြင်း - အလားအလာရှိသော အမြင်များတွင် ခြစားမှုကိုလျှော့ချနိုင်ခြင်း ၊ စည်းမျဉ်းစည်းကမ်း များခိုင်မာလာခြင်း၊ လူမှုအရင်းအနှီးများ တိုးတက်လာခြင်းတို့ ပါဝင်သည်။
- အများပြည်သူဆိုင်ရာဆုံးဖြတ်ချက်များချမှတ်ရာတွင် အမျိုးသမီးများ၏ ပါဝင်မှု ကို တိုးမြင့်ခြင်းဖြင့် ၎င်းတို့၏ ကိုယ်စားပြုမှု နှင့် သာယာဝပြောမှုကို မြင့်တက်စေသည်။

- အုပ်ချုပ်မှု ပုံစံ နှင့် အစိုးရအဖွဲ့အစည်းများ၏ တရားဝင်အာဏာရရှိမှု အပေါ်ထားရှိသော အမျိုးသမီးများ၏ အမြင် ကိုလည်း အကျိုးသက်ရောက်မှုရှိနိုင်သည်။

- အနာဂတ်တွင် အသက်အရွယ်၊ လူမှုရေးအခြေအနေ၊ လူမျိုး ၊ ဘာသာရေး နှင့် နေရာဒေသ တို့တွင် ကျား၊မရေးရာကို ပို၍ အပြည့်အဝ ထည့်တွက်လျှင် ကောင်းမည်။

# မူဝါဒချမှတ်ခြင်း၊ ဘက်ဂျက်လျာထားခြင်းနှင့် ပြည်သူ့ ဝန်ဆောင်မှုပေးခြင်းတို့တွင် ကျား၊မ အရေးထည့်သွင်းစဉ်းစားခြင်းသည် ဘာကြောင့် အရေးပါသနည်း။(၁)

- နိုင်ငံတစ်နိုင်ငံ၏ စီးပွားရေး၊ လူမှုအဂင်းအဝိုင်း နှင့် ပြည်သူ့ရေးရာ ဂန်ဆောင်မှုများတွင် ကျားမ မညီမျှမှုသည် မမျှတခြင်း ဖြစ်ပြီး တူညီမှုလျော့ပါးသောအမျိုးသမီးများ အတွက် ဖူလုံမှုလျော့ပါးစေသည်။ ပုံမှန်အားဖြင့် ၎င်းတို့သည် စီးပွားရေးနှင့်လူမှုရေး တိုးတက်မှုကို အကန့်အသတ်ဖြစ်စေသည်။ ဥပမာ -

- အမွေဆက်ခံမှု နှင့် ပိုင်ဆိုင်မှု ရပိုင်ခွင့် မတူညီခြင်းသည် ရင်းနှီးမြုပ်နှံမှုကို လျော့ကျစေပြီး ၎င်းရင်းနှီးမြုပ်နှံမှုကို အကျိုးလျော့စေသည်။ အမျိုးသမီးများ၏ အချိန် နှောင့်နှေးမှုများကို လျော့ကျစေသော ပြည်သူရေးရာဂန်ဆောင်မှုများတွင် ငွေကြေးစိုက်ထုတ်မှုမရှိခြင်းသည် ၎င်းတို့၏အချိန်ပိုဂင်ငွေရသောအလုပ်၊ သင်ယူလေ့လာမှု နှင့် အားလပ်ချိန်များကို နည်းပါးစေသည်။

- မူအားဖြင့် အမျိုးသမီး နှင့် အမျိုးသားတို့သည် ဂင်ငွေသုံးစွဲမှု ( အစိုးရ လွှဲငွေ နှင့် လစာ) ကွဲပြားကြသည်။ ၎င်းကွဲပြားမှုသည် ကလေးများအပေါ် ရင်းနှီးမြုပ်နှံမှု အကျိုးသက်ရောက်စေသည်။

# မူဝါဒချမှတ်ခြင်း၊ ဘက်ဂျက်လျာထားခြင်းနှင့် ပြည်သူ့ ဝန်ဆောင်မှုပေးခြင်းတို့တွင် ကျား၊မ အရေးထည့်သွင်းစဉ်းစားခြင်းသည် ဘာကြောင့် အရေးပါသနည်း။(၂)

- ကျားမရေးရာ အလေးကဲ မူဂါဒ ချမှတ်ခြင်း ၊ ဘက်ဂျက်လျာထားခြင်းနှင့် ပြည်သူ့ဂန်ဆောင်မှုပေးခြင်း သည် မညီမျှမှုများကို လျော့ကျ ဖယ်ရှားစေပြီး သာယာဂပြောမှုနှင့် စီးပွားရေးတိုးတက်မှုကို ဖြစ်ပေါ်စေသည်။
- လက်ရှိတိုင်းပြည်တွင်း ဂန်ဆောင်မှုများကို လက်လှမ်းမီအောင်ပြုလုပ်ပေးရာတွင် ကျားမကွဲပြားမှုကို အသိအမှတ်ပြုခြင်းသည် ပြည်သူ့ဂန်ဆောင်မှုပေးခြင်း၏ အကျိုးရှိမှုနှင့် မျှတမှုတို့ကို ကူညီမြင့်တင်ပေးနိုင်သည်။

# အသုံးပြုခဲ့သည့်နည်းလမ်းများနှင့် ရင်းမြစ်များ and Sources

- ဒီဇင်ဘာ ၂၀၁၅ နှင့် ဇန်နဝါရီ ၂၀၁၆ ကြားကာလတွင် ရန်ကုန်ရှိ နိုင်ငံရေးပါတီများ၊ ဒေသအခြေပြု NGO များ ၊ နိုင်ငံတကာ NGO များ ၊ UN အေဂျင်စီများ နှင့် အလှူရှင်အဖွဲ့အစည်းများမှ လူ ၁၅ ဦး ကို အင်တာဗျူးခဲ့ပါသည်။

- အင်တာဗျူးများကြောင့် အသုံးဝင်သော အချက်အလက်များရရှိခဲ့သော်လည်း များသောအားဖြင့် ယခု အစီရင်ခံစာသည် နဂိုရှိပြီးသား အချက်အလက်များ ၊သုတေသနများ မှ ကောက်ချက်ဆွဲထားခြင်းဖြစ်သည်။ အများစုမှာ အောက်ပါအတိုင်းဖြစ်သည်။

  - GEN အဖွဲ့ မှ ပြုလုပ်ထားသော နိုဝင်ဘာ ၂၀၁၅ တွင်ရွေးကောက်ခံရသော လွှတ်တော်အမတ်များ၏ အချက်အလက်ပေါင်းစုမှု
  - ပြည်သူ့ဝန်ထမ်းဆိုင်ရာ အချက်အလက်များကို ဤတွင်ရနိုင်သည် http://mmsis.gov.mm/
  - ယခင်ထုတ်ဝေထားသည့် မြန်မာ့ ကျားမရေးရာ နှင့် အုပ်ချုပ်ရေး ဆိုင်ရာ အစီရင်ခံစာ အမျိုးမျိုး

# အုပ်ချုပ်မှုအဖွဲ့တွင်း စာရင်းအင်းအရ အမျိုးသမီးအမျိုးသား ကိုယ်စားပြုမှု (၁)

- အမျိုးသမီးများ၏ ရွေးကောက်ခံ ကိုယ်စားပြုမှုသည် ယခင်ကထက် ပိုမိုများပြားလာသည်။ ယခုအခါ အမျိုးသမီးများသည်
  - ရွေးကောက်ခံအမတ်များ၏ ၁၃.၆% ( စုစုပေါင်းအမတ်၏ ၁၀ %ထက် နည်းနည်းပို )
  - တိုင်းဒေသကြီးနှင့် ပြည်နယ် အမတ်များ၏ ၁၂.၅ % ( စုစုပေါင်းအမတ်၏ ၉.၅ % )
  - မွန်ပြည်နယ်က %အမြင့်ဆုံးပါပဲ ။ အမျိုးသမီးရွေးကောက်ခံအမတ် ၂၆ % ရှိတယ်။ မွန်လွှတ်တော်သည် အမျိုးသမီးလွှတ်တော်ဥက္ကဌ ရှိ သည့် တစ်ခုတည်းသော လွှတ်တော်ဖြစ်သည်။
  - တိုင်းဒေသကြီး နှင့် ပြည်နယ် ဝန်ကြီးချုပ် ၁၄ ဦးအနက် ၂ ဦးမှာ အမျိုးသမီးများဖြစ်သည်။ ( တနင်္သာရီ တိုင်းဒေသကြီးနှင့် ကရင်ပြည်နယ်)
  - ချင်း၊ ကယားနှင့် ရခိုင် လွှတ်တော်များတွင် အမျိုးသမီး တစ်ဦးမှ မရှိ ။
  - ကျေးရွာအဆင့် အုပ်ချုပ်မှုတွင် ဝ.၂၅% ( ၂၀၁၄ ခုနှစ် )

- မြို့နယ်အုပ်ချုပ်ရေးမှူးများတွင် အမျိုးသမီးများပါဝင်ခြင်း မရှိပဲ အနည်းငယ်သာ မြို့နယ် ကော်မတီများတွင် ရွေးကောက်ခံခဲ့သည်။

# အုပ်ချုပ်မှုအဖွဲ့တွင်း စာရင်းအင်းအရ အမျိုးသမီးအမျိုးသား ကိုယ်စားပြုမှု (၂)

- ပါတီများတွင် ရှမ်းအမျိုးသားဒီမိုကရေစီ အဖွဲ့ချုပ်တွင် အမတ် ၇ ဦး ( ၁၆.၇%) နှင့် NLD ( ၁၅.၁ % ) တို့တွင် အမျိုးသမီးလွှတ်တော်အမတ် အရေအတွက်အများဆုံး ရှိကြသည် ။ ပအိုဝ့် တိုင်းရင်းသားအဖွဲ့သည် ရွေးကောက်ပွဲနိုင်ပါတီ ဖြစ်သော်လည်း အမျိုးသမီး တစ်ယောက်မျှ မပါဝင်ချေ ( သူတို့တွင် အမတ် ၁၀ ဦး ရှိသည် ။ )

- SNLD နှင့် NLD တို့တွင် အမျိုးသမီးကိုယ်စားပြုမှု သည် ပျမ်းမျှအရေအတွက်ထက် ပိုမြင့်မားသော်လည်း  အမျိုးသမီးများသည် အကြမ်းဖျင်းအားဖြင့် ပါတီဖွဲ့စည်းပုံအတွင်း ကိုယ်စားပြုမှုအားနည်းသည်။

- ပြည်သူ့ဝန်ထမ်း၏ ၅၂% သည် အမျိုးသမီးများဖြစ်ပြီး ညွှန်ချုပ် ဒုညွှန် ရာထူးများမှာမူ လုံးဝနီးပါး ချန်လှပ် ထားသည်။ ကျားမ ဝန်ထမ်း မျှတမှု အတွက် ဝန်ကြီးဌာနများ နှင့် ပြည်နယ် အုပ်ချုပ်ရေး ကဏ္ဍ တို့တွင် အလွန်ကွာဟ မှုရှိနေသည်။

# အုပ်ချုပ်ရေးအဖွဲ့နှင့် ဝန်ကြီးဌာနတချို့တွင် အမျိုးသမီးများပါဝင်မှု ၂၀၁၄

| | အမျိုးသမီးဝန်ထမ်း % | ဒုညွှန်မှူးရာထူးနှင့် အထက် (အလားတူနေရာများ)ရှိ အမျိုးသမီးဝန်ထမ်း% |
|---|---|---|
| စာရင်းစစ်ချုပ်ရုံး | 78.6 | 76.5 |
| ပညာရေးဝန်ကြီးဌာန | 77.8 | 73.8 |
| သစ်တောနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး ဝန်ကြီးဌာန | 23.1 | 13.4 |
| သမ္မတရုံး | 51.3 | 10.6 |
| ပြည်ထဲရေး | 20.6 | 4.5 |

*ရင်းမြစ်: http://mmsis.gov.mm/statHtml/statHtml.do [accessed 22 October 2015]*

# အုပ်ချုပ်မှုအဖွဲ့တွင်း စာရင်းအင်းအရ အမျိုးသမီးအမျိုးသား ကိုယ်စားပြုမှု (၃)

- ယခုအချိန်ထိ ငြိမ်းချမ်းရေးဖော်ဆောင်ခြင်းဖြစ်စဉ်တွင် စာရင်းအင်းအရ အမျိုးသမီး ကိုယ်စားပြုမှု မှာ အလွန်နည်းပါးသည်။ ၂၀၁၆ ဇန်နဝါရီ ပြည်ထောင်စုအဆင့် အပစ်အခတ်ရပ်စဲရေးသဘောတူညီမှု ဆွေးနွေးပွဲတွင် ၃၀ % ခွဲတမ်း ရရှိရန် သဘောတူညီခဲ့ခြင်းသည် ကြီးမားသော ပြောင်းလဲမှုကို ကိုယ်စားပြုသည် ။ သို့သော် ဖော်ပြပါကိစ္စရပ်ကို မည်သို့ အကောင်အထည်ဖော်မလဲ ဆိုတာ ရှင်းလင်းမှု မရှိချေ။

- အချက်အလက်ကောင်းများ မရှိချေ ။ သို့သော်  ရပ်ရွာများမှပေးသော ပြည်သူ့ဝန်ဆောင်မှု ၊ဆုံးဖြတ်ချက်ချမှု များတွင် အမျိုးသားလွှမ်းမိုးမှုမှာ အလွန်ကြီးမားဆဲ ဖြစ်သည်။

- CFG (ရပ်ရွာသစ်တောအဖွဲ့များ) တွင် အမျိုးသမီးများ၏ ကိုယ်စားပြုမှုမှာ အလွန်အမင်း နည်းပါးသည်။

- NGO များနှင့် လူမှုအဖွဲ့ အစည်း များ သည် အခြားအဖွဲ့များ ထက်စာလျှင် ဆုံးဖြတ်ချက်များချမှတ်ရာတွင် အမျိုးသမီးပါဝင်မှု အခွင့်အလမ်းကောင်းများ ဖန်တီးပေးထားသည်။

# ပါဝင်မှုအပေါ် အဓိကသက်ရောက်မှုများ

- မြန်မာနိုင်ငံ၏ အုပ်ချုပ်မှုစနစ်အတွင်းရှိ အမျိုးသားများနှင့် အမျိုးသမီးများ၏ ပါဝင်မှုအပေါ် အရေအတွက်နှင့် အရည်အသွေးပိုင်းဆိုင်ရာ ပုံပေါ်စေသည့် အဓိကသက်ရောက်မှုများမှာ-
  - အချိန်အခက်အခဲနှင့် မိသားစုနှင့် အလျော့အတင်းပြုလုပ်ခြင်း
  - အမျိုးသား ခေါင်းဆောင်မှုအပေါ် ရိုးရာဘက်လိုက်မှုများ
  - အမျိုးသားများထက် အမျိုးသမီးများ ခရီးသွားလာမှုအပေါ် ပိုမိုထိန်းချုပ်ကန့်သတ်ခြင်း
  - နိုင်ငံရေးတွင် မိသားစုဝင်များပါဝင်မှု
  - စံပြပုဂ္ဂိုလ်များ

- ကျောင်းတွင်းပညာရေးတွင် ကျား၊မ ကွဲပြားမှုမှာ အဓိက အဟန့်အတားမဖြစ်ပါ။ သို့သော်လည်း အုပ်ချုပ်မှု တွင် သမိုင်းတလျှောက် အမျိုးသမီးများအားဖယ်ထုတ်ခဲ့ခြင်းသည် အခြားကျောင်းပြင်ပဆိုင်ရာ သိတတ်ကျွမ်းကျင်မှု ကို လက်လှမ်းမီနိုင်ရန် ကန့်သတ်ထားခဲ့သည်။

# ပူးပေါင်းပါဝင်မှုတွင် ကျား၊မ တန်းတူညီမျှမှု မြှင့်တက်လာရန် လက်ရှိနှင့် မကြာသေးမီက ကြိုးပမ်းမှုများ (၁)

- အမျိုးသမီးများဘဝမြှင့်တင်ရေးဆိုင်ရာ မဟာဗျူဟာစီမံကိန်း (၂၀၁၃) "လူ့အဖွဲ့အစည်းတွင်း အဆင့်တိုင်း၏ ဦးဆောင်ခွင့်၊ ဆုံးဖြတ်ချက်ချပိုင်ခွင့် နေရာများတွင် အမျိုးသမီးများ တန်းတူညီမျှပါဝင်ခွင့် ရရှိရေးအတွက် စနစ်၊ ဖွဲ့စည်းပုံ၊ ဆောင်ရွက်မှု"မြှင့်တင်ရေးအတွက် တောင်းဆိုခဲ့သည်။ သို့သော်လည်း NSPAWသည် ကျား၊မ အချိုးညီပါဝင်မှုမြှင့်တင်ရေးအတွက် အနည်းငယ်သာ ဆောင်ရွက်နိုင်ခဲ့သည်။

- အမျိုးသားအဆင့် လူထုခေါင်းဆောင်သော ဖွံ့ဖြိုးမှုစီမံချက် (NCDDP)တွင် ဖွဲ့စည်းသော ကျေးရွာအုပ်စုကော်မတီများတွင် အမျိုးသားနှင့် အမျိုးသမီး ၅၀%စီ ထည့်သွင်းရန် ပြဋ္ဌာန်းသတ်မှတ်ပေးနိုင်ခဲ့သည်။

- ခြွင်းချက်အားဖြင့် NLD နှင့် SNLD အပါအဝင် အချို့ပါတီများမှ လွဲ၍ နိုင်ငံရေးပါတီများအနေနှင့် အမျိုးသမီးများ၏ ပူးပေါင်းပါဝင်မှုကို များစွာမြှင့်တင်နိုင်ခြင်းမရှိခဲ့ပေ။

- အမျိုးသမီးခေါင်းဆောင်မှုအတွက် ပြည်တွင်းနှင့် နိုင်ငံတကာ ဖွံ့ဖြိုးရေးအဖွဲ့အစည်းများတွင် လုပ်ဆောင်လျက် ရှိပြီး အရေအတွက်မှာလည်း များပြားလာလျက်ရှိနေပါသည်။

# ပူးပေါင်းပါဝင်မှုတွင် ကျား၊မ တန်းတူညီမျှမှု မြှင့်တက်လာရန် အလားအလာရှိသော ချဉ်းကပ်နည်းများ (၁)

- အမျိုးသားများပါဂင်စေခြင်း နှင့် လူမှုရေးဆိုင်ရာ အယူစွဲများပြောင်းလဲခြင်း

- အမျိုးသမီးများ ပူးပေါင်းပါဂင်မှုအပေါ် အကျိုးသက်ရောက်နေသော လူမှုရေးနှင့် ယဉ်ကျေးမှုဆိုင်ရာအတားအဆီးများတွင် အမျိုးသားများပါဂင်မှု လိုအပ်ချက်ရှိနေကြောင်းကို အသိအမှတ်ပြုမှုများ များပြားလာခဲ့သည်။

- သို့သော်လည်း လူမှုရေးဆိုင်ရာအယူအဆွများ မည်သို့မည်ပုံအကျိုးရှိစွာပြောင်းလဲရန် နှင့် အထူးအားဖြင့် အမျိုးသားများ လက်တွဲလုပ်ဆောင်ရန် ပြီးပြည့်စုံစွာ နားလည်မှုများမရှိသေးပါ။

- လူမှုရေးဆိုင်ရာ အယူအဆများ ပြောင်းလဲရန်နှင့် သတင်းစကားများသယ်ဆောင်ရန် မီဒီယာများနှင့် သီချင်းများအသုံးပြုမှုများတိုးပွားလာသော်လည်း မည်သည်ကအကျိုးသက်ရောက်မှုပေးနိုင်သည်ကို ကောင်းစွာနားမလည်နိုင်ကြသေးပါ။

# ပူးပေါင်းပါဝင်မှုတွင် ကျား၊မ တန်းတူညီမျှမှု မြင့်တက်လာရန် အလားအလာရှိသော ချဉ်းကပ်နည်းများ (၂)

- များစွာသောအဖွဲ့အစည်းများသည် အမျိုးသမီးခေါင်းဆောင်မှု/ ပူးပေါင်းပါဂင်မှု အတွက်စတင်လုပ်ဆောင်မှုများ တိုးပွားလာသောကြောင့် အကောင်ထည်ဖော်ဆောင်ရွက်သော အဖွဲ့အစည်းများအကြား ပူးပေါင်းဆောင်ရွက်မှု လိုအပ်ချက်များ ပေါ် ပေါက်လာနိုင်ပြီး ယင်းကိစ္စကို အလှူရှင်အဖွဲ့ များမှ စောင့်ကြည့်ရန်
- အမျိုးသမီးနှင့်အမျိုးသားတို့၏ ပူးပေါင်းပါဂင်နိုင်မှု စွမ်းရည် ကို ပံ့ဖော်ပေးသော အကြောင်းခြင်းရာများကို ကျွန်တော်တို့နားလည်ထားသော ဆက်နွယ်အရေးပါမှုသည် အားနည်းသေးသည် ။ ရှေ့ဆက်ပြီး ပိုနားလည်လာအောင်လုပ်ဆောင်ဖို့ အရေးကြီး သည် ။ သို့မှသာလျှင် ပိုမိုထိရောက် အကျိုးများမည့် ကြိုးစားအားထုတ်မှုများ ပြုလုပ်နိုင်မည်။

# ပူးပေါင်းပါဝင်မှုတွင် ကျားမ တန်းတူညီမှု မြင့်တက်လာစေရန် အလားအလာရှိသော ချဉ်းကပ်နည်းများ (၃)

- ဒေသန္တရ ဖွံ့ဖြိုးရေး အစီအစဉ်များ - ဘယ်သူတွေက ဆုံးဖြတ်ချက်တွေချနေပြီး ဘယ်သူ့ အကျိုးစီးပွားကို ထင်ဟပ်နေသလဲ ။ ညီမျှသော ပူးပေါင်းပါဝင်မှုနှင့် ဆုံးဖြတ်ချက်ချမှတ်ခြင်း ဖြစ်ပေါ်စေရန် ဘာတွေ လုပ်ထားဖို့ လိုမလဲ ။

- အချိုးကျ ခွဲဝေမှု များ- မြန်မာနိုင်ငံတွင် နိုင်ငံတော် ရပ်ရွာဦးဆောင်သော ဖွံ့ဖြိုးရေးစီမံချက် များတွင် ၎င်းအချိုးကျခွဲဝေမှုများကို အသုံးချနိုင်သည်။ တစ်ခုထက်ပိုသောနေရာများတွင် ယင်းနည်းလမ်းသည် အသုံးတည့်နိုင်သည်။ ပြည်ထောင်စု လွှတ်တော်အမတ်များ၊ တိုင်းဒေသကြီးနှင့်ပြည်နယ် လွှတ်တော် အမတ်များ၊ မြို့နယ်ရွေးကောက်ခံကော်မတီဝင်များ ၊ ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူး ၊ ကျေးရွာအုပ်စုနှင့် ကျေးရွာအဆင့် မျိုးစုံသော ကော်မတီဝင်များ အနေဖြင့် ပြုပြင်ပြောင်းလဲမှုများသည် ဒေသအုပ်ချုပ်ရေးကို စိုးမိုးမှုရှိသည်။

- ကျေးရွာအုပ်စုများ ၊ ကျေးရွာ နှင့် မြို့နယ် ( ဖြစ်နိုင်ချေရှိသော) တို့တွင် အာဏာပိုင်များနှင့် ပြည်သူတို့ကြား ချိတ်ဆက်ရန် အနည်းဆုံးလိုအပ်သောအချက်များကို ပြဋ္ဌာန်း - ပြည်သူ့ ပူးပေါင်းပါဝင်မှုတွင် ကျားမတန်းတူမှုကို မြင့်တင်သော မူဝါဒများ ကျင့်သုံး
  - ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူး များအတွက် တိုက်ရိုက်ရွေးကောက်ပွဲများ စတင်ကျင်းပ
  - ရာအိမ်မှူး ၊ ကျေးရွာ ခေါင်းဆောင်များကို ပြန်လည် ရွေးချယ် ၊ ရွေးကောက်တင်မြှောက်ခဲ့

# ကျားမ ၊ မူဝါဒချမှတ်ခြင်း ၊ ဘဏ္ဍာငွေခွဲဝေခြင်းနှင့် ပြည်သူ့ဝန်ဆောင်မှုပေးခြင်း

- ဥပဒေ ပြောင်းလဲမှု ။ အမျိုးသမီးများအပေါ်အကြမ်းဖက်မှုကို ကာကွယ်ခြင်း ဥပဒေကြမ်းနှင့် မြေယာမူဝါဒတို့သည် အချို့ (ကန့်သတ်) အခြေအနေ ၊ အလားအလာကောင်းများကို သတ်မှတ်ပေးထားသည်။ သို့ရာတွင် ဥပဒေ လေးခုတွင် အမျိုးသမီးအခွင့်အရေး ၊ နှင့် CEDAW ကို ဆန့်ကျင်သော ပြဋ္ဌာန်းချက်များ ပါဝင်နေသည်။

- ကျားမရေးရာထက် ပိုသော အခြားအချက်တွေ ဟာ အရေးပါ ပါသေးတယ်။ သို့သောလည်း ဘက်ဂျက် ခွဲဝေမှု တွေဟာ အမျိုးသမီးထက် အမျိုးသားတွေရဲ့ နှစ်သက်မှုကိုသာ ချိန်ညှိထားတယ်ဆိုတာ မှတ်သားနိုင်ပါတယ်။

- ဘက်ဂျက်လက်တလောရလဒ်နဲ့ ရေရှည် ရလဒ်ကို တိုင်းတာတဲ့ အချက်အလက် တွေ နည်းပါးသော်လည်း ကလေးမွေးဖွားစကိုယ်ဝန်ဆောင်သေဆုံးမှု ဟာ မြင့်တက်နေပြီး အမျိုးသားတွေမှာ နှစ်သက်ရာ စိုက်ပျိုးရေးချေးငွေ ရယူနိုင်မှု ရှိနေတယ်။

- စီမံကိန်းရေးဆွဲခြင်းနှင့် ဘက်ဂျက်လျာထားရာတွင် ပြည်သူ့ ပူးပေါင်းပါဝင်မှုနှင့် အသိအမြင် သည် အကြမ်းဖျင်းအားဖြင့် အလွန်နည်းပါးပြီး အမျိုးသမီးများအတွက် ပိုမို၍ မှန်ကန်သည်။

# မူဝါဒချမှတ်ခြင်း၊ ဘဏ္ဍာငွေခွဲဝေခြင်းနှင့် အများပြည်သူဝန်ဆောင်မှု ပံ့ပိုးပေးခြင်းတို့တွင် ကျားမရေးရာ ရှေးရှုသော မကြာသေးမီနှင့် လက်ရှိကာလ တုံ့ပြန်ဆောင်ရွက်ချက်များ (၁)

- အမျိုးသမီးများ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ အမျိုးသားအဆင့် မဟာဗျူဟာ စီမံကိန်း သည် မြန်မာနိုင်ငံတော်အစိုးရ၏ လက်တွေ့ လုပ်ငန်းစဉ်များ အပေါ် အကျိုးသက်ရောက်မှု နည်းပါးသေးသည် ဟုမှတ်သားခဲ့ရသည်။

- ချင်းပြည်နယ် အစိုးရ၏ ငါးနှစ်တာ ဖွံ့ဖြိုးရေး အစီအစဉ် ပြင်ဆင်ရေးဆွဲချက်(၂၀၁၆-၂၁) တွင် စီမံကိန်းရေးဆွဲမှု ၊ မူဝါဒ ချမှတ်မှု နှင့် ယင်းစီမံကိန်းများအတွက် ကုန်ကျစရိတ်သတ်မှတ်မှုတို့တွင် ကျားမရေးရာ ထည့်သွင်းစဉ်းစားမှု ကိုပြသသော ဥပမာ အလွန်ပင် ရှားပါးသည်။
- အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် သည် အခြား နိုင်ငံရေးပါတီများနည်းတူ အမျိုးသမီးအရေးကိစ္စများအတွက် မူဂါဒရေးရာ ကော်မတီခွဲ တစ်ရပ် ရှိသည်။ သို့သော် ယင်းပါတီများတွင် မူဂါဒရေးဆွဲခြင်း ၊ဘက်ဂျက်လျာထားခြင်း နှင့် ပြည်သူ့ဂန်ဆောင်မှုပေးခြင်း တို့တွင် ကျားမရေးရာထည့်သွင်းစဉ်းစားနိုင်ရန် စွမ်းဆောင်ရည် နည်းပါးသေးသည်။

# မူဝါဒချမှတ်ခြင်း၊ ဘဏ္ဍာငွေခွဲဝေခြင်းနှင့် အများပြည်သူဝန်ဆောင်မှု ပံ့ပိုးပေးခြင်းတို့တွင် ကျားမရေးရာ ရှုဒေါင့်ဖြင့် ရှုမြင်မှုအပေါ် မကြာသေးမီနှင့် လက်ရှိကာလ တုံ့ပြန်ဆောင်ရွက်ချက်များ (၂)

- အမျိုးသမီးအခွင့်အရေးနှင့် အရေးကိစ္စများ ဆောင်ရွက်နေသော မြန်မာ NGO များနှင့် နိုင်ငံတကာဖွံ့ဖြိုးရေး အဖွဲ့အစည်းများ သည် မူဂါဒ အပေါ်အကျိုးသက်ရောက်မှု အချို့ရှိသည်။ သို့သော်လည်း ယခုအချိန်ထိ ဘက်ဂျက်လျာထားခြင်း နှင့် မချိတ်ဆက်နိုင်သေးပေ၊ ပြည်သူ့ဂန်ဆောင်မှုပေးခြင်း နှင့် အနည်းငယ် ချိတ်ဆက်နိုင်ပြီဖြစ်သည်။

- ဘက်ဂျက်လျာထားခြင်းနှင့် ပြည်သူ့ဂန်ဆောင်မှုပေးခြင်း ဆောင်ရွက်နေသော မြန်မာ NGO များနှင့် နိုင်ငံတကာဖွံ့ဖြိုးရေး အဖွဲ့အစည်းများသည် ကျားမရေးရာကို များသောအားဖြင့် အနည်းငယ်သာ အာရုံစိုက်ကြသည်။

- ကျားမရေးရာနှင့်ဘက်ဂျက်လျာထားမှု တွင် စိတ်ဂင်စားမှု ရှိသော အမျိုးသမီးအခွင့်အရေး ၊ ကျားမတန်းတူဖြစ်မှု လုပ်ဆောင်နေသော နိုင်ငံတကာနှင့် ပြည်တွင်း NGO များ  တိုးပွားလာသော်လည်း အများစုမှာ ဘက်ဂျက်လေ့လာဆန်းစစ်ကျွမ်းကျင်မှုတွင် အတွေ့ အကြုံနည်းပါးနေသေးသည်။

# မူဝါဒချမှတ်ခြင်း၊ ဘဏ္ဍာငွေခွဲဝေခြင်းနှင့် အများပြည်သူဝန်ဆောင်မှု ပံ့ပိုးပေးခြင်းတို့တွင် ကျား၊မရေးရာ ရှေးရှုသော မကြာသေးမီနှင့် လက်ရှိကာလ တုံ့ပြန်ဆောင်ရွက်ချက်များ (၃)

- ကမ္ဘာ့ဘဏ်သည် ဘဏ္ဍာရေးဝန်ကြီးဌာနနှင့် စီမံကိန်းဝန်ကြီးဌာနတို့၏ အောက်ခြေမှ အထက်အဆင့်ဆောင်ရွက်သည့် စီမံကိန်းတို့တွင် အမျိုးသမီးများနှင့် လူနည်းစုတို့၏ အသံများတိုးပွားလာအောင် လုပ်ဆောင်နိုင်ရန် ၊ ရသုံးမှန်းခြေ ငွေစာရင်းဌာန၏ စွမ်းဆောင်ရည်မြှင့်တင်ပေးရန် အတွက် ကူညီထောက်ပံ့ပေးရန် စီစဉ်နေသည်

(ကျားမရေးရာကဏ္ဍ နှင့် လူမျိုးနွယ်စုတို့ကြား ပြည်သူ့ အသုံးစရိတ်များအပေါ်တွင် ခွဲခြမ်းစိတ်ဖြာသုံးသပ်ခြင်း )

# မူဝါဒချမှတ်ခြင်း၊ ဘဏ္ဍာငွေခွဲဝေခြင်းနှင့် ပြည်သူ့ဝန်ဆောင်မှု ပံ့ပိုးခြင်းတို့တွင် ကျားမရေးရာ ထည့်သွင်းစဉ်းစားရန် အလားအလာရှိသော ချဉ်းကပ်နည်းလမ်းများ (၁)

- ကျားမတန်းတူပါဝင်မှု တိုးမြင့်လာခြင်းသည် မူဝါဒချမှတ်ခြင်း ၊ ဘက်ဂျက်လျာထားခြင်း နှင့်ပြည်သူ့ဝန်ဆောင်မှုပေးခြင်း တို့တွင် ကျားမရေးရာ ညီမျှမှု ကို ပိုမိုဖြစ်ပေါ်စေသည်။

- NCDDP သည် ဆုံးဖြတ်ချက်ချမှတ်ရာတွင် ပြည်သူပူးပေါင်းပါဝင်မှု နှင့် ကျားမတန်းတူပါဝင်မှုကို မြင့်တက်လာအောင်လုပ်ဆောင်ပေးသော မြန်မာနိုင်ငံတော်အစိုးရ၏ ကတိကဝတ်ထားရှိသည့် တစ်ခုတည်းသော ဒေသဖွံ့ဖြိုးရေး ရံပုံငွေအဖွဲ့ ဖြစ်သည်။ ကြိုးပမ်းအားထုတ်သင့်သည်မှာ

- ၁. ပြည်သူ့ပါဝင်မှုကိုမြင့်တက်လာခြင်းကို ခိုင်မာစေရန် တရားဝင်စည်းမျဉ်းဥပဒေများ ပြဋ္ဌာန်းလာအောင် မြန်မာနိုင်ငံတော် အစိုးရအား စည်းရုံးဆွဲဆောင်ပါ ။

- ၂. ဒေသဆိုင်ရာ အဖွဲ့များနှင့် အတူလုပ်ဆောင် ခြင်းဖြင့် ပြည်သူ့ပါဝင်မှုကို မြင့်တင် ဆောင်ရွက်ပါ ။
  ( အချို့ NGO များနှင့် CSO များကတော့ လုပ်ဆောင်နေပါပြီ )

# မူဝါဒချမှတ်ခြင်း၊ ဘဏ္ဍာငွေခွဲဝေခြင်းနှင့် ပြည်သူ့ဝန်ဆောင်မှု ပံ့ပိုးခြင်းတို့တွင် ကျားမရေးရာ ထည့်သွင်းစဉ်းစားရန် အလားအလာရှိသော ချဉ်းကပ်နည်းလမ်းများ (၂)

- လက်ရှိကာလတွင် မြန်မာနိုင်ငံတော်အစိုးရ (အထူးသဖြင့် အမျိုးသားဂန်ထမ်းများ) တွင်း မူဂါဒနှစ်သက်မှု ၊ ဘက်ဂျက် နှစ်သက်မှု သို့မဟုတ် ဂန်ဆောင်မှုများလက်လှမ်းမှီမှု တို့တွင် ကျားမကွဲပြားခြားနားမှု ရှိခြင်းသည် နှင့်စပ်လျဉ်း၍ အသိအမြင် နည်းပါးသေးသည်။ အသိပညာ မြှင့်တင်မှုကို ပထမ ခြေလှမ်းအနေဖြင့် စတင်ခြင်း

- ဖွံ့ဖြိုးဆဲ တိုင်းပြည်အများစုတွင် ကျားမရေးရာ ဘက်ဂျက်လျာထားခြင်း လုပ်ငန်းစဉ်များ သည် အထူးသဖြင့် မအောင်မမြင်ဖြစ်ရသည်။ စိတ်ပါဂင်စားမှုမရှိသော အစိုးရ အဖွဲ့ဂင်များ ဦးဆောင်ပါက လွယ်လင့်တကူ ပျက်ပြားရသည်။ ထို့ကြောင့် ထိုလုပ်ငန်းစဉ်များသည် စိတ်ပါဂင်စားသော အစိုးရအဖွဲ့ဂင်များကို ဦးတည်လုပ်ဆောင်သင့်သည်။

- ရေရှည်တွင် ဘဏ္ဍာရေး နှင့် စီမံကိန်း ဂန်ကြီးဌာနတို့သည် ကျားမရေးရာဘက်ဂျက်လျာထားခြင်းအလုပ်ကို ချိတ်ဆက်လုပ်ဆောင်ရန် အလွန် အရေးကြီးပါသည်။

# မူဝါဒချမှတ်ခြင်း၊ ဘဏ္ဍာငွေခွဲဝေခြင်းနှင့် ပြည်သူ့ဝန်ဆောင်မှု ပံ့ပိုးခြင်းတို့တွင် ကျားမရေးရာ ထည့်သွင်းစဉ်းစားရန် အလားအလာရှိသော ချဉ်းကပ်နည်းလမ်းများ (၃)

- ဆိုခဲ့သလိုပဲ ကျားမရေးရာဘက်ဂျက်လျာထားခြင်း ကို စိတ်ဝင်စားတဲ့ LNGO များ နှင့် INGO များဟာ ဘက်ဂျက်နဲ့ဆိုင်သော ကျွမ်းကျင်တတ်ကျွမ်းမှု အတွေ့အကြုံ မရှိကြပါဘူး ။ ဒီလို တတ်ကျွမ်းမှု စွမ်းရည် ရရှိဖို့နဲ့ တည်ဆောက်ဖို့ လိုအပ်ချက်တစ်ခုရှိပါတယ်။

- NSPAW လုပ်ငန်းစဉ် ကို ပြန်လည်စီစစ်ဖို့လိုပါတယ်။ လုပ်ငန်းအကောင်အထည်ဖော်ဆောင်မှု မဟာဗျူဟာကို အချောသတ်ရပါမယ်။

- မြန်မာနိုင်ငံ အစိုးရ နှင့် ဖွံ့ဖြိုးရေး အဖွဲ့အစည်း များ အနေဖြင့် ဝန်ဆောင်မှု အကျိုးသက်ရောက်မှုများ ( ရလဒ်များ ) ကို မှတ်တမ်းအချက်အလက်များကောက်ယူပြီး ၎င်း အချက်အလက်များကို ပိုမို ကျယ်ပြန့်စွာ လက်လှမ်းမီ အောင် ပြုလုပ်ပေးဖို့ လိုအပ်ပါတယ်။